မိဘ သို့မဟုတ် အုပ်ထိန်းသူ ခင်ဗျား၊

နှစ်စဉ်တိုင်း၊ အင်္ဂလိပ်စာကို သင်ယူရေးအစီအစဉ် ကျောင်းသားများသည် ELLs အတွက် ACCESS ဘာသာစကား ကျွမ်းကျင်မှု စာမေးပွဲကို ဖြေကြရသည်။ ထိုစာမေးပွဲက မိမိတို့ကျောင်းနှင့် ပြည်နယ်တဝန်းမှာ အင်္ဂလိပ်စာကို သင်ယူကြသည့် ကျောင်းသားများအတွက် ကျောင်းသုံး အင်္ဂလိပ်စာ ကျွမ်းကျင်မှုကို တိုင်းကြည့်ပါသည်။

ဤစာနှင့်အတူ ကျောင်းသား၏ တစ်ဦးချင်း အစီရင်ခံစာ ပါရှိပါသည်။ ဤအစီရင်ခံစာထဲတွင် သင့်ကလေးအတွက် စာမေးပွဲရလဒ်များဆိုင်ရာ အချက်အလက်များ ပါသည်။ ဤအချက်အလက်များမှာ သင့်အတွက် လေ့လာပြီး သိမ်းထားရန်ပါ။

ဤအချက်အလက်များကို အသုံးပြုခြင်းက ကျွန်ုပ်တို့ ကျောင်းဆရာများအား သင့်ကလေးအတွက် ဆုံးဖြတ်ချက်များ ချမှတ်နိုင်အောင် ကူပေးပါသည်။ ကျောင်းဆရာများက သင့်ကလေး၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှု တိုးတက်လာပုံကို စောင့်ကြည့်ရာတွင်ပါ ယင်းစာမေးပွဲ ရမှတ်များကို အသုံးပြုကြပါသေးသည်။

ELLs အတွက် ACCESS နှင့်ပတ်သက်ပြီး မေးခွန်းများရှိလျှင်၊ ကျေးဇူးပြုပြီး ကျွန်ုပ်ကို ဆက်သွယ်ပါ။ သင် သိရှိလို၍ မေးနိုင်သည်မှာ-

- ကျောင်းဆရာများက စာမေးပွဲရလဒ်များကို ဘယ်လို အသုံးပြုကြပါသလဲ။
- ကျွန်ုပ်ကလေးအတွက် အင်္ဂလိပ်စာ ပန်းတိုင်များက ဘာတွေလဲ။
- အင်္ဂလိပ်စာ အပြင် ကျွန်ုပ်ကလေးက နောက်ထပ်ဘာကို သင်ယူပါသလဲ။

လေးစားစွာဖြင့်၊